
စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အနှစ်ချုပ်စာလွှာ

# ပတ်ဝန်းကျင်နှင့်ဂေဟာစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ




Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

အနှစ်ချုပ်စာလွှာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း သုတေသနအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်နိုင်မှုများနှင့်ပတ်သက်၍ နားလည်နိုင်စေရေးတွင်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။ MCRB ၏ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာ ဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ MCRB အင်တာနက်စာမျက်နှာ www.mcrb.org.mm တွင် အသေးစိတ် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

## လူ့အခွင့်အရေးနှင့်ဆက်နွယ်သည့် အကြောင်းအရာအကျဉ်းချုပ်

ရပ်ရွာလူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများသည် ကုမ္ပဏီများအနေဖြင့် ရပ်ရွာလူ့အဖွဲ့အစည်းများအပေါ် သက်ရောက်စေသည့် အဖြစ်များဆုံးနည်းလမ်းမှ တစ်ခုဖြစ်သည်။ ကုမ္ပဏီလုပ်ငန်းများသည် ရပ်ရွာနေပြည်သူများ အသုံးပြုသည့် (လေ၊ ရေ၊ ဇီဝမျိုးစိတ်များ) သဘာဝရင်းမြစ်များအပေါ် သက်ရောက်နိုင်သည်၊ သို့မဟုတ် လူ အများ၏ကျန်းမာရေးအပေါ် တိုက်ရိုက်ထိခိုက်စေနိုင်သည်။

ရပ်ရွာလူ့အဖွဲ့အစည်းများသည် ကုမ္ပဏီများကြောင့်ဖြစ်သော လက်သင့်မခံနိုင်သည့် အဆင့်ရောက်ရှိနေသည့် အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်ဆီးမှုတို့မှ ကင်းစင်စွာ နေထိုင်ပိုင်ခွင့်ရှိသည်။ မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းဆိုင်ရာဥပဒေများကို ပြင်ဆင်မွမ်းမံခြင်း လုပ်ဆောင်နေဆဲ ဖြစ်သည်။ လတ်တလောတွင် ခိုင်မာသည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းဆိုင်ရာ ဥပဒေများ မရှိသေးသဖြင့် ၎င်းတို့ကို ကျင့်သုံးနိုင်မှုမရှိသေးပါ။ သို့ရာတွင် ကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် ဥပဒေများနှင့် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်တွင်ပါသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်ရေး လိုအပ်ချက်များကို လိုက်နာရန်လိုအပ်ပါသည်။ နိုင်ငံတကာကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် လာရောက်လုပ်ငန်း လုပ်ငဆောင်ရာတွင် ၎င်းတို့ကိုယ်တိုင် ချမှတ်ထားသော ပိုမိုအဆင့်မြင့်သည့် စည်းမျဉ်းနှင့် ပိုမိုတင်းကြပ်သည့် လုပ်ထုံးလုပ်နည်းများ ကျင့်သုံးနိုင်ပါသည်။(မကျင့်သုံးဘဲလည်း နေလိုက နေနိုင်သည်။)

ရပ်ရွာလူ့အဖွဲ့အစည်းများသည် ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်အပေါ် သက်ရောက်လာနိုင်သည့် လုပ်ငန်းများနှင့် ဆိုင်သည့် သတင်းအချက်အလက်များကိုလည်း ရရှိပိုင်ခွင့်ရှိရမည်။ အဆိုပါ သက်ဆိုင်သည့် သတင်းအချက် အလက်များ ရရှိသည့်အခါမှသာ ၎င်းတို့ ပတ်ဝန်းကျင်အပေါ် ကျရောက်နိုင်ခြေရှိသော သက်ရောက်မှုများနှင့် အမှန်တကယ် ကျရောက်နေသော သက်ရောက်မှုများကို ကောင်းစွာ နားလည်လာနိုင်ပြီး ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများမှ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများလုပ်ဆောင်နိုင်မည် ဖြစ်သည်။ သတင်းအချက်အလက်များကို အများမှ အလွယ်တကူရယူနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်သလို၊ အများ နားလည် လွယ်သော ဒေသသုံးဘာသာစကားဖြင့်လည်း ရေးသားသင့်သည်။ ရပ်ရွာလူ့အဖွဲ့အစည်းသည် ကုမ္ပဏီ၏ စီမံကိန်းအပေါ် သဘောထားမှတ်ချက်ပေးရန် အခွင့်အလမ်း ရှိသင့်သည်။ ကုမ္ပဏီမှလည်း ထိုမှတ်ချက်များကို ထည့်သွင်းစဉ်းစားပြီး ရပ်ရွာလူထု၏စိုးရိမ်မှုများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို ပြန်လည်ရှင်းလင်းပြောကြား သင့်သည်။

ကုမ္ပဏီတစ်ခု၏လုပ်ငန်းသည် အန္တရာယ်ရှိသည့် လုပ်ငန်းမျိုးဖြစ်နေလျှင် မတော်တဆဘေးရန် ကြုံတွေ့လာသည့်အခါ ဖြေရှင်းမည့် အရေးပေါ်အစီအစဉ်များကို ပြင်ဆင်ထားရန်လိုအပ်သည်။ ထိုအစီအစဉ်အား ဒေသခံရပ်ရွာ အဖွဲ့အစည်းနှင့် ဒေသခံအစိုးရကို ကြိုတင်ရှင်းပြထားသင့်သည်။ အကယ်၍ ဘေးရန်ကြုံတွေ့ခဲ့လျှင် ထိုကုမ္ပဏီသည် လူထုအားသတိပေးပြီး အလုပ်သမားများနှင့်ရပ်ရွာနေသူများ ဘေးကင်းရှင်းအောင် လိုအပ်သည့် ဆောင်ရွက်မှုမျိုး လုပ်ဆောင်သင့်သည်။

ကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးသက်ရောက်မှုကိုလည်း ဖြစ်စေနိုင်ပါသည်။ ဥပမာ-ရေ အရည်အသွေး ကောင်းမွန်အောင်လုပ်ဆောင်ခြင်း၊ မြေထုညစ်ညမ်းမှုကို သန့်စင်စေအောင်ပြုလုပ်ခြင်းတို့ဖြစ်သည်။

## လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်မျိုးစုံ ပါဝင်ပတ်သက်မှုရှိပါသည်

*ကျန်းမာစွာနေထိုင်ခွင့် အပေါ်သက်ရောက်မှုများ-*

- ကုမ္ပဏီမှ ရေ၊ လေနှင့်မြေတို့အပေါ် သက်ရောက်မှုများသည် လူတို့၏ကျန်းမာစွာ နေထိုင်နိုင်မှုအပေါ် ထိခိုက်နိုင်ပါသည်။ ထိုကိစ္စသည် တိုက်ရိုက်ထိခိုက်မှုမျိုး ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုသည် အဆုတ်ရောဂါ ဖြစ်စေနိုင်ခြင်း၊ ရေညစ်ညမ်းမှုမှ ဖြစ်သည့်ရောဂါများ၊ ကုမ္ပဏီလုပ်ငန်းမှ ဒေသတွင်းသို့ ယူဆောင်လာသည့် ရောဂါအသစ်များ၊ သို့မဟုတ် ရှိပြီးသောရောဂါများကို ကူးဆက်ပျံ့နှံ့စေမှုတို့ ဖြစ်သည်။ အဖြစ်များသည့်ကိစ္စမှာ ဆောက်လုပ်ရေးစီမံကိန်းများမှ စွန့်ထုတ်သည့်ရေများဝပ်ပြီး ထိုမှတစ်ဆင့် ခြင်များပေါက်ဖွားလာကာ ငှက်ဖျားရောဂါကူးဆက်ခြင်းတို့ ဖြစ်သည်။ နောက်ဥပမာတစ်ခုမှာ စီမံကိန်းတွင်း လုပ်ဆောင်နေသူများမှ စွန့်ထုတ်လိုက်သည့် မစင်အညစ်အကြေးများသည် ရေကန်၊ မြစ်ချောင်း၊ ပင်လယ်တွင်းသို့ စီးဝင်သွားသည်။ ထိုရေအရင်းမြစ်တို့သည် သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းအတွက် မှီတင်းနေထိုင်သော လူထုအတွင်း ရောဂါရရှိလာစေသည်။ အဆိုပါဒဏ်ကို ကလေးများနှင့်သက်ကြီးရွယ်အိုများက လူရွယ်လူလတ်ပိုင်းများထက် ပိုမိုခံစားကြရသည်။ ထို့ကြောင့် ရပ်ရွာအတွင်းရှိ ထိခိုက်လွယ်ပြည်သူများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများကို သတိထားစောင့်ကြည့်ရန် အရေးကြီးသည်။
- စီမံကိန်းတစ်ခုသည် ကားအသုံးပြုမှုများလျှင် ယာဉ်တိုက်မှုများပိုဖြစ်လာနိုင်ပြီး ရပ်ရွာလူထုတွင်း ထိခိုက်မှု၊ သေဆုံးမှုတို့ ဖြစ်နိုင်သည်။ ထိုကိစ္စသည် ကလေးများအတွက် အထူးအန္တရာယ်ပင်ဖြစ်သည်။ ထိုသို့ ပို့ဆောင်ဆက်သွယ်ရေးယာဉ် အသုံးပြုမှုများပြားလာခြင်းကြောင့် ဖုံထူထပ်ပြီး ရပ်ရွာလူထုတွင် အသက် ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပွားစေနိုင်သည်။
- ကုမ္ပဏီလုပ်ငန်းတွင်းဖြစ်သော မတော်တဆမှုများသည်လည်း တစ်ခါတစ်ရံတွင် ရပ်ရွာလူထုကိုပါ ထိခိုက်လာနိုင်သည်။ ဥပမာ - အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများ ယိုထွက်ခြင်း၊ အဆိပ်ရှိ ဓာတုပစ္စည်းများ မီးလောင်ခြင်းတို့ဖြစ်သည်။

*အစားအစာနှင့် သန့်ရှင်းသောရေ ရပိုင်ခွင့်အပေါ် သက်ရောက်မှုများ-*

- ကုမ္ပဏီများသည် သွယ်ဝိုက်သောနည်းအားဖြင့် ထိုအခွင့်အရေးကို ထိခိုက်စေနိုင်သည်။ ဥပမာ-မြေကြီးညစ်ညမ်းမှုကြောင့် သီးနှံထွက်နှုန်းလျော့ကျလာပြီး လုံလောက်သည့် အစာရရှိအောင် မစိုက်ပျိုးနိုင်တော့ခြင်း၊ ကျွဲ၊ နွားစားကျက်များ လျော့နည်းသွားခြင်း သို့မဟုတ် လေထုညစ်ညမ်းမှုကြောင့် အစာအဆိပ်သင့်ပြီး စားသုံး၍မရခြင်းတို့ ဖြစ်သည်။
- ကုမ္ပဏီလုပ်ငန်းသည် ဒေသအတွင်းရှိအပင်များ၊ ကျေးငှက်တိရစ္ဆာန်များကိုပျက်စီးစေလျှင် ၎င်းတို့အပေါ် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းတို့ဖြင့် မှီခိုနေသော ရပ်ရွာလူထု၏ အစာရရှိမှုကို လျော့ကျစေသည်။
- ကုမ္ပဏီများသည် အသုံးမပြုနိုင်လောက်အောင် ရေထုညစ်ညမ်းမှုဖြစ်စေခြင်းဖြင့် လူတို့၏ သန့်ရှင်းသော ရေရပိုင်ခွင့်ကို ထိခိုက်စေနိုင်သည်။ သို့မဟုတ် ကုမ္ပဏီတစ်ခုသည် ရပ်ရွာလူထုနှင့် တိရစ္ဆာန်တို့၏ သောက် သုံးရေ၊ စိုက်ပျိုးရေတို့ကို သုံးစွဲခြင်းဖြင့် ရေရှားပါးမှုကို ဖြစ်စေနိုင်သည်။

*အလုပ်သမားများ၏ ကျန်းမာစွာနေထိုင်ခွင့် -*

- ကုမ္ပဏီများသည် အလုပ်သမားများအား ၎င်းတို့၏ကုမ္ပဏီတွင်း အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရမှု မဖြစ်စေရန် တာဝန်ယူမှုရှိရမည်။ (အလုပ်သမားအခွင့်အရေး အကျဉ်းချုပ် စာလွှာကိုကြည့်ပါ။)

*ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များအားချပြခြင်း-*

- မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်နှင့် လူအဖွဲ့အစည်းအပေါ် သက်ရောက်မှုစစ်တမ်းကောက်ယူမှု လုပ်ငန်းအတွက် စည်းမျဉ်းအသစ်များ ချမှတ်ကျင့်သုံး လုပ်ဆောင်နေဆဲဖြစ်သည်။ ထို့ကြောင့် ဒေသခံအစိုးရမှ ကုမ္ပဏီများမှပြုလုပ်ထားသော သဘာဝပတ်ဝန်းကျင်သက်ရောက်မှု လေ့လာချက်စာတမ်းများကို အများပြည်သူ ဖတ်ရှုလေ့လာခွင့်နိုင်ရန် လုပ်ဆောင်လာနိုင်ပါသည်။ ထိုသို့ဖြစ်မလာခင်အတွင်း ကုမ္ပဏီများသည် ၎င်းတို့၏သဘာဝပတ်ဝန်းကျင်သက်ရောက်မှု ဆန်းစစ်ချက်များနှင့် စီမံကိန်းများအကြောင်းကို လူထုသိရှိအောင် ထုတ်ပြန်ခြင်းသည် ကောင်းသောအလေ့အထ ဖြစ်သည်။ ထိုမှသာ သတင်းရရှိပိုင်ခွင့် ဆိုသည့် လူ့အခွင့်အရေးနှင့် ကိုက်ညီပါသည်။
- ကုမ္ပဏီများ၏ သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုသည် ၎င်းတို့လုပ်ငန်းလုပ်နေသည့် ကာလတစ်လျှောက်လုံးတွင်ရှိသည်။ (တစ်ခါတစ်ရံ ၎င်းတို့လုပ်ငန်း ပြီးမြောက်သွားသည့်တိုင် သက်ရောက်မှုများ ဆက်ရှိနေတတ်သည်။) ကုမ္ပဏီတို့သည် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအရ လေနှင့်ရေ ထုတ်လွှတ်မှုကို စစ်ဆေးရန် မလိုအပ်လျှင်တောင် ၎င်းတို့သည် အနိမ့်ဆုံးအားဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို စစ်ဆေးမှုလုပ်သင့်သည်။ ပတ်ဝန်းကျင်ဆိုင်ရာအာဏာပိုင်များမှ ထိုသို့စစ်ဆေးမှုများ လုပ်နိုင်သည်။ ရပ်ရွာလူထုမှ ကုမ္ပဏီ၏လက်ရှိလုပ်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရယူလေ့လာခွင့်ရှိသင့်သည်။ ၎င်းအပြင် ကုမ္ပဏီများ၏ ထိုဒေသတွင် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များကိုလည်း ဒေသဖွံ့စီမံကိန်းမစမီကပင် သိရှိခွင့်ရှိသည်။ (အပေါ်တွင်ကြည့်ရန်)
- **ထိခိုက်နစ်နာမှုများ** - ရပ်ရွာလူထုသည် ကုမ္ပဏီလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ပျက်စီးမှုများ၊ ကျန်းမာရေးပျက်ပြားမှုများ၊ အစာ၊ ရေနှင့် အသက်မွေးဝမ်းကျောင်း ထိခိုက်မှုများကို ခံစားရနိုင်သည်။ ထိုကိစ္စများကို တင်ပြနိုင်ရန်အတွက် ကုမ္ပဏီများတွင် အလုပ်သမားများနှင့် ရပ်ရွာလူထုမှ အကြံပြုစာ သို့မဟုတ် စိုးရိမ်မှုများကို ဖော်ပြနိုင်ရန်အတွက် စနစ်တစ်ခုရှိသင့်သည်။ အကယ်၍ ထိုသို့ရပိုင်ခွင့်မျိုးအား ချိုးဖောက်ခဲ့သော် ရပ်ရွာလူထုအတွက် ကုစားမှုများ စီစဉ်ပေးသင့်ပါသည်။ (ကုစားမှုများ အနှစ်ချုပ်စာလွှာကိုကြည့်ရန်)

*ယခုဖော်ပြပါအချက်များသည် ပြည်တွင်း၊ ပြည်ပ စီပွားရေးလုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်ပါသနည်း။*

ပတ်ဝန်းကျင်အပေါ်ကျရောက်မည့် သက်ရောက်မှုအလားအလာများကို နားလည်ရန် ကုမ္ပဏီ သို့မဟုတ် အစိုးရ၏ လုပ်ငန်းများနှင့် ပတ်သက်၍ မေးခွန်းထုတ်ရန်ဖြစ်သည်။

- **ကုမ္ပဏီများသည် ၎င်းတို့၏ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ လက်ရှိအခြေအနေနှင့် အလားအလာများကို ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးသလား။** ဤအချက်သည် ကုမ္ပဏီများ၊ ရပ်ရွာလူထုနှင့် အစိုးရအတွင်း ပြောင်းလဲရမည့် လုပ်ထုံးလုပ်နည်းများနှင့် ပညာပေးရန်လိုအပ်သည့် ပမာဏအတိုင်းအတာကို သိရန် ညွှန်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင်ခိုင်မာသော ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ၊ သို့မဟုတ် လက်တွေ့ကျင့်သုံးနိုင်မှုစွမ်းရည်များ မကြာခင်အနာဂတ်အတွက် မဖြစ်နိုင်သေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ကုမ္ပဏီများနှင့် ရပ်ရွာလူထုအကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ မကျေနပ်ချက်များကို တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်ခြင်းဓလေ့ကို မြှင့်တင်ရန် အရေးကြီးသည်။ ထို့သို့ ပြုလုပ်ရာတွင် ဖြစ်နိုင်လျှင် ဒေသခံအစိုးရပါ ပါဝင်စေသင့်သည်။
- **ရပ်ရွာလူထုသည် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများကို ကုမ္ပဏီများ၊ သို့မဟုတ် ဒေသခံအစိုးရနှင့်အတူ ပူးပေါင်းဖြေရှင်းရန် ရွေးချယ်ခွင့်ရှိလား။** ရပ်ရွာလူထုတွင် ၎င်းတို့ ထိခိုက်ခံစားရမှုများအတွက် ဖြေရှင်းပေးမှုမျိုး ရရှိခံစားရခြင်း မရှိသည့်အခြေအနေကို နားလည်ရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော်

ရပ်ရွာလူထုသည် ရေရှည်ထိခိုက်ခံစားလာရပါက ကုမ္ပဏီနှင့် ထိပ်တိုက်ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်သည်။

- **ဒေသခံအစိုးရသည် ကုမ္ပဏီများ၏လုပ်ငန်းများအား ထိန်းကြောင်းခြင်း၊ စောင့်ကြည့်ခြင်းတို့ လုပ်ဆောင်ရာတွင် ပါဝင်မှုရှိလား။** အကယ်၍ ထိုသို့လုပ်ဆောင်ခြင်းမရှိပါက ကုမ္ပဏီများအကြားတွင် အလေ့အထကောင်းများ တည်ထောင်ပေးရန် ပိုအရေးကြီးလာပါသည်။ ထိုသို့လုပ်မှသာ ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်များပေးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းလိုက်နာမှုများ အားကောင်းလာမည်ဖြစ်သည်။

## လူ့အခွင့်အရေးဆိုင်ရာ ကိုးကားချက်များ

- အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ ကာကွယ်ထားသော (အထူးသဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် စာချုပ်အပိုဒ် ၁၁ နှင့် ၁၂ အရ) လူမှုဘဝ၊ ကျန်းမာမှု၊ ရေနှင့်အစာရရှိခွင့် အပါအဝင် လူ့အခွင့်အရေးများကို အပြည့်အဝရရှိရန်အတွက် ဘေးကင်းလုံခြုံသန့်ရှင်း ကျန်းမာ၍ ရေရှည်တည်တံ့သော သဘာပတ်ဝန်းကျင်သည် အရေးပါသည်။
- နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေမှ တိုးမြှင့်အသိအမှတ်ပြုထားသည်တို့မှာ - လူတိုင်းလူတိုင်း သတင်းအချက်အလက်များ ရပိုင်ခွင့်၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည်သူလူထုပါဝင်ခွင့်၊ ပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် တရားမျှတမှု ရပိုင်ခွင့်တို့ဖြစ်သည်။ ဤကိစ္စသည် နိုင်ငံတော်မှ ထမ်းဆောင်ရမည့် တာဝန်ဖြစ်ပြီး ကုမ္ပဏီများမှ လူ့အခွင့်အရေးများ လေးစားလိုက်နာရန် လိုအပ်ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်များကို ထုတ်လုပ်ထိန်းချုပ်နိုင်သူများ ဖြစ်သောကြောင့် ဖြစ်သည်။

This factsheet on Environment & Ecosystem Service has been produced by MCRB. An English version is available from www.mcrb.org.mm.